ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ချင်းပြည်နယ်အစိုးရအဖွဲ့

# ချင်းပြည်နယ် ကျေးရွာထင်းစိုက်ခင်းနည်းဥပဒေ

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ( ၈ )ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ချင်းပြည်နယ်အစိုးရအဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ( ၆ /၂၀၁၅ )

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ၊ ၈ ရက်

နိဒါန်း

ချင်းပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေပုဒ်မ- ၄၂၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ချင်းပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီးဌာနသည် ချင်းပြည်နယ် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

အခန်း(၁)

အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ချင်းပြည်နယ် ကျေးရွာထင်းစိုက်ခင်းနည်း ဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် ချင်းပြည်နယ် ကျေးရွာထင်း စိုက်ခင်းဥပဒေတွင် ပါရှိသည့် စကားရပ်များအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပါယ်သက်ရောက်စေရမည်-

(က) ဥပဒေဆိုသည်မှာ ချင်းပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေကို ဆိုသည်၊

(ည) **မြေရိုင်း**ဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ချုံနွယ်များ ပေါက်ရောက်လျက်ရှိ သည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မြေမျက်နှာပြင်ညီညာသည်ဖြစ်စေ၊ မညီညာသည် ဖြစ်စေ၊ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသည့် မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေကိုဆိုသည်၊

(ဋ) **ကျေးရွာပိုင်မြေ**ဆိုသည်မှာ ဒေသခံလူထုက အစဉ်အလာအရ ထိန်းသိမ်း စောင့်ရှောက်လာခဲ့သည့် ကျေးရွာအနီးဝန်းကျင်ရှိ အစိုးရစီမံခန့်ခွဲပိုင် ခွင့်ရှိသော မြေကိုဆိုသည်၊

(ဌ) **လျှောက်လွှာ**ဆိုသည်မှာ
ကျေးရွာထင်းစိုက်ခင်းတည်ထောင်ရန်အတွက် သစ်တောဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးထံ တင်ပြလျှောက်ထား လွှာကိုဆိုသည်၊

(ဍ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေနှင့်အတူ ပူးတွဲပါရှိသည့် ပုံစံများကိုဆိုသည်။

အခန်း(၂)

**ထင်းစိုက်ခင်း(သို့မဟုတ်) ကျေးရွာပိုင်စိုက်ခင်းတည်ထောင်ခြင်း**

၃။ ချင်းပြည်နယ် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်ရာတွင် အောက်ပါမူများကို အခြေခံရမည်-

(က) ကျေးရွာအသီးသီး၏ လောင်စာလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း၊



(ခ) တားမြစ်ရာပါသစ်ပင်ဆိုသည်မှာ နိုင်ငံတော်ပိုင် ကျွန်းပင်နှင့် သစ်တောဥပဒေအရ တားမြစ်သစ်ပင်အဖြစ် သတ်မှတ်ကြေညာထားသည့် သစ်ပင်ကိုဆိုသည်၊

(ဂ) **သစ်လုံး**ဆိုသည်မှာ ခါးလည်လုံးပတ်(၃)ပေနှင့်အထက်ရှိသော သစ်လုံးကိုဆိုသည်၊

(ဃ) တိုင်ဆိုသည်မှာ ခါးလည်လုံးပတ်(၃)ပေ ထက်ငယ်၍ (၁)ပေနှင့်အထက်ရှိသော သစ်လုံး ကိုဆိုသည်၊

(င) **မျောဆို**သည်မှာ ခါးလည်လုံးပတ် (၁)ပေထက်ငယ်သော သစ်လုံးကိုဆိုသည်၊

(စ) **ခုတ်ပတ်**ဆိုသည်မှာ ထင်းစိုက်ခင်း အသက် (၅)နှစ်တစ်ကြိမ် ပြည့်လျှင် ခုတ်လှဲရန် သတ်မှတ်ချက်ကိုဆိုသည်၊

(ဆ) **ခုတ်ကွက်**ဆိုသည်မှာ ထင်းစိုက်ခင်းအား နှစ်အလိုက်တူညီသော ဧရိယာခွဲခြား သတ်မှတ်ခုတ်လှဲရန်အတွက် ခွဲထားခြင်းကို ဆိုသည်၊

(ဇ) **ခုတ်စဉ်**ဆိုသည်မှာ ထင်းစိုက်ခင်းအား နှစ်အလိုက် ခုတ်လှဲရန် ဧရိယာခွဲခြား သတ်မှတ်ထားသောအကွက်ခွဲများ ဖြစ်သည့် ခုတ်ကွက်များ စုပေါင်းထားခြင်းကို ဆိုသည်၊

(ဈ) **မြေလွတ်မြေလပ်**ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေးသို့မဟုတ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများ ကို ဆိုသည်၊

(ခ) သဘာဝတောများ ပျက်စီးပြုန်းတီးပြီး သဘာဝအလျောက် ပြန်လည်ဖြစ်ထွန်းရန် ခက်ခဲသော မြေလွှတ်မြေလပ်နှင့် မြေရိုင်းများ၊ ကျေးရွာပိုင်မြေများ၊ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ၌ စိုက်ပျိုးခြင်း၊

(ဂ) ဒေသထင်းလိုအပ်ချက်အတွက် စိုက်ခင်းတည်ထောင် ဆောင်ရွက်ရန် အလားအလာ ရှိသည့် နေရာများ၌ စိုက်ပျိုးခြင်း၊

(ဃ) အစဉ်အလာအရ ဒေသခံလူထုက စီမံအုပ်ချုပ်လုပ်ကိုင်လာခဲ့သော သစ်တောမြေများ၌ စိုက်ပျိုးခြင်း၊

(င) ရေ၊ မြေနှင့် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးမှုမရှိစေသောနည်းများဖြင့် စိုက်ပျိုး ခြင်း၊

(စ) မြေအသုံးချမှုတန်ဖိုး ပိုမိုရရှိစေရန် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းအား ခွင့်ပြုခြင်း၊

(ဆ) ခုတ်လဲရိတ်သိမ်းချိန်ရောက်သောအခါ ကျေးရွာလူထုအား အခွန်အခပေးဆောင်၍ သုံးစွဲခွင့်ပြုခြင်း။

၄။ ကျေးရွာထင်းစိုက်ခင်းတည်ထောင်လိုသူသည် အဖွဲ့အစည်းတစ်ရပ်ရပ်အနေဖြင့်ဖြစ်စေ၊ တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ အစိုးရအဖွဲ့နှင့် အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး နှင့် ဖက်စပ်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်လိုပါက ညွှန်ကြားရေးမှူးထံသို့ ပုံစံ(၁)ဖြင့် လျှောက်ထား ရမည်။



၅။ ညွှန်ကြားရေးမှူးသည် လျှောက်ထားခြင်းအပေါ် သက်ဆိုင်ရာ ခရိုင်/ မြို့နယ်ကော်မတီသို့ စိစစ်ချက်၊ သဘောထားမှတ်ချက်ပေးရန် လျှောက်လွှာကို စိစစ်ပြီး လက်ခံရရှိသည့်နေ့မှ (၁၅)ရက် အတွင်း တာဝန်ပေးဆောင်ရွက်ရမည်။

၆။ ကော်မတီသည် ညွှန်ကြားရေးမှူး၏ စိစစ်ဆောင်ရွက်ရန် တာဝန်ပေးချက် အပေါ်(၁၅)ရက် အတွင်းစိစစ်၍ ပြန်လည်တင်ပြရမည်။

၇။ ညွှန်ကြားရေးမှူးသည် ကျေးရွာထင်းစိုက်ခင်းတည်ထောင်ရန် မြေနေရာအား တည်ဆဲ ဥပဒေ၊ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီးပါက-

(က) ကျေးရွာ ထင်းစိုက်ခင်းမြေနေရာသည် သစ်တောနယ်မြေအတွင်းဖြစ်ပါက သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့တင်ပြ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကိုရယူ ပြီး ဝန်ကြီးထံသို့ တင်ပြရမည်၊

(ခ) ကျေးရွာ ထင်းစိုက်ခင်းမြေနေရာသည် အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေတွင်ဖြစ်ပါက ကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက်နှင့်အတူ(၇)ရက်အတွင်း ဝန်ကြီးထံ တင်ပြရမည်။

၈။ ဝန်ကြီးသည် ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် ကျေးရွာထင်းစိုက်ခင်း တည်ထောင်မည့်မြေနေရာအား ခွင့်ပြုပေးနိုင်သည်။

၉။ ဝန်ကြီးသည် ကျေးရွာထင်းစိုက်ခင်းတည်ထောင်ရန်အတွက် မြေအသုံးချခွင့်ကို ကနဦး ကာလအဖြစ် (၁၅)နှစ်အထိ သတ်မှတ်နိုင်သည်။ သက်တမ်းကုန်ဆုံးပြီးနောက် သက်တမ်းတိုးမြှင့် ပေးသင့်ပါက (၁၅)နှစ်ထက် မပိုသော ကာလကို အကြိမ်ကြိမ်ထပ်မံခွင့်ပြုနိုင်သည်။

အခန်း (၃)

## ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၀။ ဝန်ကြီးသည် ဥပဒေပုဒ်မ - ၁၀၊ ပုဒ်မခွဲ(ခ)ပါအတိုင်း ဖွဲ့စည်းထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၁၁။ ယင်းကော်မတီ၏ ဥက္ကဋ္ဌအား သက်ဆိုင်ရာ ခရိုင်/ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အကြီးအကဲကို တာဝန်ပေးအပ်ရမည်။ အတွင်းရေးမှူးအဖြစ်သက်ဆိုင်ရာ ခရိုင်/ မြို့နယ် သစ်တောဦးစီးဌာနမှ အကြီးအကဲကို တာဝန်ပေးအပ်ရမည်။

၁၂။ ကော်မတီသည် ညွှန်ကြားရေးမှူးမှ စိစစ်ရန်ချမှတ်ပေးသည့် လျှောက်လွှာပါအချက် အလက်များ မှန်ကန်မှုရှိ၊ မရှိကို ကွင်းဆင်းစိစစ်၍ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းစသည်တို့ကို သဘောထားမှတ်ချက် ပြုတင်ပြရမည်။



၁၃။ ကော်မတီသည် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ကော်မတီဝင်(၃)ဦးထက် မနည်း ပါဝင်ရမည်။ ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်ရာတွင်လည်း ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ တည်ထောင်ခွင့်လျှောက်ထားသူ၊ ဒေသခံတို့နှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ရမည်။

၁၄။ ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သုံးသပ်ချက်၊ အကြံပြုချက်များဖြင့် နှစ်စဉ်ဘဏ္ဍာနှစ်ကုန်ဆုံးပြီး (၂)လအတွင်း ညွှန်ကြားရေးမှူး မှတဆင့် ဝန်ကြီးထံ တင်ပြရမည်။ လိုအပ်ပါက အခါအားလျော်စွာ တင်ပြနိုင်သည်။

၁၅။ ကော်မတီသည် စိုက်ခင်းမြေနေရာကို စစ်ဆေးတင်ပြရာတွင် အောက်ပါအချက်များကို စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်-

(က) စိုက်ပျိုးမည့်သစ်မျိုးနှင့်မြေအမျိုးအစား ကိုက်ညီမှုရှိ/ မရှိ၊

(ခ) မြေအမျိုးအစား၊

(ဂ) အခြားမြေအသုံးချမှုနှင့်ရွေးချယ်ထားသည့် စိုက်ခင်းမြေနေရာ လွတ်ကင်းမှုရှိ/ မရှိ၊

(ဃ) သဘာဝတောအခြေအနေ၊

၁၆။ ကော်မတီသည် ဥပဒေပုဒ်မ - ၁၂၊ ပုဒ်မခွဲ(ခ)အရ အသုံးပြုသူများအဖွဲ့ဖွဲ့စည်းရာတွင် ကျေးရွာထင်းစိုက်ခင်းတည်ထောင်လိုသော ဒေသခံ အိမ်ထောင်စုဝင်များဖြင့် (၅)ဦးထက်မနည်း ပါဝင်သော စီမံအုပ်ချုပ်မှုကော်မတီကို ဖွဲ့စည်း

ရမည်။ ထိုအဖွဲ့ဝင်များထဲမှ အများဆန္ဒဖြင့် ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို ရွေးချယ်ရမည်။

## အခန်း(၄)
## သစ်တောအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၇။ ကျေးရွာထင်းစိုက်ခင်းတည်ထောင်ရန်အတွက် ဝန်ကြီး၏ ခွင့်ပြုချက်ရရှိပါက သက်ဆိုင်ရာ ခရိုင်သစ်တောအရာရှိသည် ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်လက်မှတ် ပုံစံ(၂)ကို ထုတ်ပေးရမည်။ ယင်းလက်မှတ်နှင့်အတူ သိရှိလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပူးတွဲ ပေးပို့ရမည်။

၁၈။ သစ်တောအရာရှိသည် ကျေးရွာထင်းစိုက်ခင်းတည်ထောင်သည့်မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုမှု၊ လွဲပြောင်းရောင်းချမှု၊ အဆောက်အအုံဆောက်လုပ်နေထိုင်မှုများမရှိစေရေးအတွက် စစ်ဆေးတွေ့ရှိချက်ကို ကော်မတီသို့ အစီရင်ခံရမည်။

၁၉။ သစ်တောအရာရှိသည် ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသော ထင်း/မီးသွေးများကို ကျေးရွာအသုံးပြုခြင်းမှအပ ရောင်းဝယ်ဖောက်ကားမှု အတွက် ဖြစ်လျှင် ကောက်ခံမည့်အခွန်အခကို ဝန်ကြီး၏သဘောတူ ခွင့်ပြုချက်ရယူရမည်။



၂၀။ သစ်တောအရာရှိသည် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် ၁၉၆၂ ခုနှစ်၊ သစ်တောဥပဒေနှင့် ၁၉၉၅ ခုနှစ်၊ သစ်တောနည်းဥပဒေပါ ကျေးရွာထင်းစိုက်ခင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်လည်း လျော်ညီမှုရှိစွာ ဆောင်ရွက်ရမည်။

## အခန်း(၅)
## ထင်းစိုက်ခင်း (သို့မဟုတ်) ကျေးရွာပိုင် ထင်းစိုက်ခင်းတည်ထောင်သူ၏ လုပ်ငန်းတာဝန်များ

၂၁။ သစ်တောဦးစီးဌာနက သတ်မှတ်ပေးသည့် ခုတ်လဲထုတ်လုပ်ချိန် ရောက်ရှိသည့်အခါ ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသော ထင်း၊ တိုင်၊ မျောသစ်လုံးများကို မိမိသုံး/ကျေးရွာသုံး ဖြစ်လျှင် အခမဲ့ထုတ်ယူသုံးစွဲနိုင်သည်။

၂၂။ ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီးထိန်းသိမ်းခဲ့သော ကျေးရွာပိုင်ထင်း စိုက်ခင်းမှ ထင်းကို စီးပွားဖြစ် မဟုတ်လျှင် ကျေးရွာလူထုသဘောတူညီချက်ဖြင့် ခုတ်လဲခြင်း၊ ဝေငှခြင်း၊ သုံးစွဲခြင်းဆောင်ရွက်ရာတွင် အောက်ပါအချက်များကို လိုက်နာရမည်-

(က) အိမ်ထောင်စုအလိုက် လိုအပ်သော ထင်းပမာဏကို ကျေးရွာထင်းစိုက်ခင်းမှ စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန် ကျေးရွာအသုံးပြုသူများ အဖွဲ့အစည်းအတွင်းတွင် ညှိနှိုင်းဆွေးနွေးအတည်ပြုချက်ရယူရမည်၊

၂၅။ အခွန်ဆောင်ပြီးသောထင်းကို မီးသွေးဖုတ်ရန်အတွက် မီးသွေးဖို ဟုခေါ်ဆောက်ခွင့်နှင့် မီးသွေးဖုတ်ခွင့်ပြုရန် ကော်မတီမှတစ်ဆင့် ညွှန်ကြားရေးမှူးထံ တင်ပြခွင့်ပြုချက် ရယူရမည်။

၂၆။ ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ရရှိသူသည် ကျေးရွာထင်း စိုက်ခင်းဥပဒေ၊ သစ်တောဥပဒေ၊ နည်းဥပဒေများနှင့် သစ်တောဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာရန် တာဝန်ရှိသည်။

## အခန်း(၆)
## စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၇။ သစ်တောဥပဒေ၊ နည်းဥပဒေနှင့် ကျေးရွာထင်းစိုက်ခင်းဥပဒေ၌ ဖော်ပြထားရှိသည့် တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေပုဒ်မ ၂၁ အရ အရေးယူခြင်းခံရမည်။

၂၈။ ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်း၊ ထိန်းသိမ်းပြုစုခြင်း၊ ကာကွယ်ခြင်း၊ ခုတ်လှဲထုတ်လုပ်ခြင်းလုပ်ငန်း အဆင့်ဆင့်ကို စစ်ဆေးရန်အတွက် သစ်တောအရာရှိကို တာဝန်ပေးအပ်နိုင်သည်။ စစ်ဆေးတွေ့ရှိချက်ကို စစ်ဆေးပြီး (၁၀)ရက်အတွင်း ကော်မတီသို့ တင်ပြရမည်။



(ခ) ထင်းစိုက်ခင်းမှ ထင်းကို ခုတ်ယူရာတွင် စိုက်ခင်း၏ရှင်သန် အောင်မြင်မှုအခြေ အနေပေါ်မူတည်၍ သစ်တောဦးစီးဌာနမှ ညွှန်ကြားထားသော သစ်တောပြုစု ထိန်းသိမ်းခြင်း နည်းစနစ် ဖြင့် ခုတ်လှဲခြင်း၊ ပြုစုထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက် ရမည်။

၂၃။ ဒေသခံကျေးရွာလူထုမှ သုံးစွဲ၍ ပိုလျှံသည့်ထင်းများအား စီးပွားဖြစ် ရောင်းချရာတွင် အောက်ပါအချက်များကို လိုက်နာရမည်-

(က) ရောင်းချလိုသည့် ထင်းပမာဏကို ကော်မတီသို့ တင်ပြ ဆောင်ရွက်ရမည်၊

(ခ) သစ်တောဦးစီးဌာနသို့ သတ်မှတ်အခွန်တော်ငွေသွင်းပြီး ဌာနက ထုတ်ပေးသော သယ်ဆောင်ခွင့်ပြုမိန့်ကိုရယူ၍ မိမိသယ်ဆောင် ရောင်းချလိုသောနေရာသို့ သယ်ယူ ရမည်၊

(ဂ) ရရှိသည့်အကျိုးအမြတ်အား ကျေးရွာလူထု၏ သဘောတူညီ ချက်ဖြင့် မျှဝေခံစားရ မည်။

၂၄။ ဒေသခံကျေးရွာလူထုသုံးစွဲ၍ ပိုလျှံလျှင် စီးပွားဖြစ်ရောင်းချနိုင်သည့် ဆိုရာတွင် ထင်းအဖြစ်သာမကဘဲ အောက်ပါသစ်တောထွက်ပစ္စည်းများလည်း အကျုံးဝင်သည်-

(က) သစ်လုံး၊

(ခ) တိုင်၊

(ဂ) မျော။

၂၀။ ကော်မတီသည် စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရန် သင့်၊ မသင့် ဆုံးဖြတ်နိုင်ရန် ကော်မတီဝင်ဖြစ်သော သစ်တောအရာရှိနှင့် အခြားကော်မတီဝင်နှစ်ဦးဖြင့် ဖွဲ့စည်းထားသော အဖွဲ့ကစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်နိုင်သည်။ ကော်မတီသည် ယင်းစစ်ဆေးတင်ပြချက်အရ စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်လို အပ်ကြောင်း တွေ့ရှိပါက စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။

၂၁။ သတ်မှတ်ထားသော စည်းကမ်းချက်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်၍ဖြစ်စေ၊ သို့မဟုတ် လိုက်နာရန်ပျက်ကွက်၍ဖြစ်စေ၊ ပေးဆောင်ရမည့် ဒဏ်ကြေးငွေ သတ်မှတ်ရာတွင် ကော်မတီသည် ညွှန်ကြားရေးမှူးထံ တင်ပြခွင့်ပြု ချက်ရယူရမည်။

၂၂။ သစ်တောဥပဒေ၊ နည်းဥပဒေနှင့် ကျေးရွာထင်းစိုက်ခင်းဥပဒေ၌ ဖော်ပြထားရှိသည့် တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက သတ်မှတ်ခွင့်ပြုသက်တမ်းမတိုင်မီ ဆောင်ရွက်ခွင့်၊ လုပ်ပိုင်ခွင့်များ ရပ်စဲသည်အထိ အရေးယူခံရမည်။

## အခန်း(၇)
## တားမြစ်ချက်များ

၂၃။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း အတွင်းမှ သစ်၊ တိုင်၊ မျော၊ ထင်းစသည့် သစ်တောထွက်ပစ္စည်းတစ်ခုခုကို



၂၄။ ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်သည့် အောက်ပါလုပ်ငန်း အဆင့်ဆင့်ကို စစ်ဆေးရမည်-

တည်ထောင်ခြင်း

(က) တောင်ယာခွဲဝေခြင်း၊
(ခ) တောင်ယာခုတ်ခြင်း၊
(ဂ) မီးကာကွယ်ခြင်း၊
(ဃ) နေလှန်းခြင်း၊
(င) မီးရှို့ခြင်း၊
(စ) ကျွန်းခွေခြင်း၊
(ဆ) ပန္နက်ရိုက်ခြင်း၊
(ဇ) စိုက်ပျိုးခြင်း။

ပြုစုထိန်းသိမ်းခြင်း

(က) သေပင်ဖာထေးခြင်း၊
(ခ) ပေါင်းရှင်းခြင်း၊
(ဂ) သေပင်ရှင်ပင်ရေတွက်ခြင်း။

ကာကွယ်ခြင်း

(က) မီးကာကွယ်ခြင်း၊
(ခ) ကျွဲများ၊ တိရိစ္ဆာန်ဖျက်ဆီးမှုမှ စစ်ဆေးခြင်း။

ခုတ်လှဲထုတ်လုပ်ခြင်း

(က) စိုက်ခင်းခုတ်ပတ်၊ ခုတ်စဉ်နှင့် ခုတ်ကွက်အရ စစ်ဆေးခြင်း၊
(ခ) ခုတ်လှဲသည့်နည်းစနစ်မှန်ကန်မှုရှိ/ မရှိ စစ်ဆေးခြင်း။

ဤဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ မဟုတ်ပါက ထုတ်ယူသုံးစွဲခြင်းများမရှိစေရ။

၃၄။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင် ထင်းစိုက်ခင်းအတွင်း ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ် ကျူးကျော်နေထိုင်ခြင်းနှင့် စိုက်ခင်းမြေကို ခွင့်ပြုချက်မရှိဘဲ တူးဆွခြင်း၊ အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်းမပြုရ။

## အခန်း(၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၅။ ဥပဒေပုဒ်မ - ၃၀၊၃၁၊၃၂၊၃၃၊၃၄ တို့အရ ကျူးလွန်သော ပြစ်မှုများကို အရေးယူခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ကော်မတီကဖြစ်စေ၊ သစ်တောအရာရှိကဖြစ်စေ၊ ယင်းပြစ်မှု ကျူးလွန်ကြောင်းသိရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ - ၁၅၄နှင့် အညီ သက်ဆိုင်ရာ ရဲစခန်း၌ ပထမသတင်းပေးတိုင်ကြားရမည်။

## အခန်း(၉)
## အထွေထွေ

၃၆။ ဤဥပဒေအရ တည်ထောင်စိုက်ပျိုးခွင့်ပြုထားသော စိုက်ခင်းများကို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာထင်းစိုက်ခင်းများဟု မှတ်ယူရမည်။



၃၇။ ဝန်ကြီးသည် ကျေးရွာထင်းဥပဒေ၊ နည်းဥပဒေနှင့် စပ်လျဉ်း၍ လိုအပ်သော အမိန့် ကြော်ငြာစာ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ပုံ

ဝန်ကြီး
သစ်တောနှင့်သတ္တုဝန်ကြီးဌာန